ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး

(၃၇)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၂ ရက်

(၂၀၁၆ ခုနှစ်၊ ဇွန်လ ၇ ရက်)

[အင်္ဂါနေ့]

အချိန်၊ ၁၀း၀၀။

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

အချိန်၊ ၁၀း၀၀။

အခမ်းအနားမှူး။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးရဲ့ (၃၇)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ် ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

အချိန်၊ ၁၀း၀၀။

ဥက္ကဋ္ဌ။ ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

အခမ်းအနားမှူး။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

အချိန်၊ ၁၀း၀၀။

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦး ရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၉)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၄.၅၇)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော် ဆိုင်ရာဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။(သြဘာသံများ)

အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

အချိန်၊ ၁၀း၀၁။

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးရဲ့ (၃၇)ရက်မြောက်နေ့အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

အချိန်၊ ၁၀း၀၁။

ဥက္ကဋ္ဌ။ ။အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၀း၀၂။

ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး(၃၇)ရက်မြောက်နေ့ ၇-၆-၂၀၁၆ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်

နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမင်းဦး က ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှာ ဦးစိုင်းထွန်းအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။ ဦးစိုင်းအုန်းကျော်၊ ရှမ်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၄)။ ဦးရဲမြင့်စိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။ ဦးဇော်မင်း၊ စစ်ကိုင်းတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။ ဦးသိန်းလွင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။ ဦးကျော်သန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။ ဦးခင်အောင်မြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။ ဗိုလ်မှူးချုပ်ကျော်ကျော်စိုး တပ်မတော်သားကိုယ်စားလှယ်။ ဗိုလ်မှူးချုပ်သက်ထွန်းအောင် တပ်မတော်သား ကိုယ်စားလှယ်တို့နှင့် ဦးနောင်နဂျာတန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)တို့ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂)ဦးရှိပြီး၊ ယနေ့ခွင့်ပန်ကြားသူ (၁၀)ဦးဖြစ်တဲ့ အတွက် စုစုပေါင်းခွင့်ပန်ကြားသူ(၁၂)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်း နဲ့ ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်(၁၀)ဦးအား ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ် ခင်ဗျား။

အချိန်၊ ၁၀း၀၃။

ဥက္ကဋ္ဌ။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။ (ညြှောသံများ)

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

အချိန်၊ ၁၀း၀၃။

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး(၃၇)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၀)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၁၂)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(၈)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

ဥက္ကဋ္ဌ။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(ခြေဘာသံများ)

ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

အချိန်၊ ၁၀း၀၅။

ဥက္ကဋ္ဌ။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပြည်ထဲရေးဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ဖြစ်ပါတယ်။

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်ကျေးရွာအုပ်စု၊ ဝါးဒတ်ကွင်း ကျေးရွာအနီး မြေလွတ် မြေလပ်များတွင် တဲအိမ်ဖြင့် အိမ်ခြေ (၄၀၀) ခန့် အခြေချ နေထိုင်သူများကို အကြမ်းဖက်ရိုက်နှက်နှင်ထုတ်ပြီး အိမ်များကို မီးရှို့ဖျက်ဆီးခဲ့ခြင်းသည် ဥပဒေနှင့်ညီညွတ်မှု ရှိ/မရှိ စိစစ်ခြင်း၊ နစ်နာသူများအား ကုစားပေးရန်နှင့် တာဝန်ရှိသူများကို ဥပဒေအရ အရေးယူဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

အချိန်၊ ၁၀း၀၅။

ဥက္ကဋ္ဌ။ ။ ပထမဦးစွာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ)ဦးလှမြင့်သန်းက မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်ကျေးရွာအုပ်စု၊ ဝါးဒတ်ကွင်းကျေးရွာအနီး မြေလွတ်မြေလပ်များတွင် တဲအိမ်ဖြင့် အိမ်ခြေ (၄၀၀)ခန့် အခြေချ နေထိုင်သူများကို အကြမ်းဖက်ရိုက်နှက်နှင်ထုတ်ပြီး အိမ်များကို မီးရှို့ဖျက်ဆီးခဲ့ခြင်းသည် ဥပဒေနှင့်ညီညွတ်မှု ရှိ/မရှိ စိစစ်ခြင်း၊ နစ်နာသူများအား ကုစားပေးရန်နှင့် တာဝန်ရှိသူများကို ဥပဒေအရ အရေးယူဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၀း၀၆။

ဦးလှမြင့်(ခ) ဦးလှမြင့်သန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု

ဒုတိယဝန်ကြီးနဲ့ ကြွရောက်လာသူများအားလုံး မင်္ဂလာပါလို့ နှုတ်ဆက်ရင်း လေးစားစွာ ဂါရဝပြု အပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၁၁)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်(ခ)ဦးလှမြင့်သန်း ဖြစ်ပါတယ်။ ကျွန်တော့်မေးခွန်းနဲ့ဆိုင်တဲ့ ဖြစ်စဉ်ကို ထင်ရှားစေဖို့ Power point နဲ့ တင်ပြခွင့်ပြုဖို့နဲ့ အချိန်ပိုပေးဖို့ ဦးစွာ ပန်ကြားပါရစေ။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်ကျေးရွာအုပ်စု၊ ဝါးဒတ်ကွင်းကျေးရွာအနီး မြေလွတ်မြေလပ်ထဲမှာ တဲအိမ် အိမ်ခြေ(၄၀၀)ကျော်ခန့်ဆောက်ပြီး အခြေချ နေထိုင်သူများဟာ စစ်တောင်းမြစ် ကမ်းပါးပြိုရာမှာ ပါသွားလို့ နေစရာမြေမရှိတော့တဲ့ တနော်ကျွန်းရွာနဲ့ ကမ်းကြီးဆိပ်ရွာနှစ်ရွာ က အိမ်ထောင်စု(၁၃၀)ရယ်၊ သိမ်ဇရပ်ဒေသခံ နေစရာမရှိတဲ့ ဆင်းရဲနွမ်းပါးသူ အိမ်ထောင်စုများ ဖြစ်ကြပါတယ်။ ကမ်းပြိုတဲ့ ရွာနှစ်ရွာက အိမ်ထောင်စုများဟာ ဝါးဒတ်ကွင်းကျေးရွာ ရာအိမ်မှူးနဲ့အဖွဲ့က ကိုယ်တိုင်လာခေါ်လို့ အခင်းဖြစ်မြေထဲ ၂၀၁၅ခုနှစ် ထဲမှာ ပြောင်းရွှေ့လာကြသူများ ဖြစ်ပါတယ်။ မရှိမဲ့ရှိမဲ့နဲ့ ဆောက်ထားတဲ့ တဲအိမ်တချို့ကို Slide ၁/၂နဲ့ ပြထားပါတယ်။ Slide ထဲမှာ မြင်တွေ့နိုင်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၃၀-၁-၂၀၁၆ ရက်နေ့ ညဦးပိုင်းမှာ ဝါးဒတ်ကွင်းရာအိမ်မှူးရဲ့အစီအစဉ်နဲ့ လူပေါင်း (၆၀)ကျော်ခန့်က တဲအိမ်နေသူများကို တုတ်များနဲ့ဝင်ရိုက်ပြီးတော့ တဲအိမ်များကို ဓားများနဲ့ ခုတ်ကာ တွန်းဖြိုခဲ့ကြပါတယ်။ ယိုင်လဲပြိုသွားတဲ့ တဲအိမ်တချို့ကို Slide ၃ နဲ့ ၄ မှာ မြင်တွေ့နိုင်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂-၂-၂၀၁၆ ရက်နေ့ ည ၈ နာရီခွဲခန့်မှာ ဝါးဒတ်ကွင်းရာအိမ်မှူး ဦးဆောင်တဲ့ လူ(၂၀၀)ခန့်ဟာ တဲအိမ်နေ လူများကို လောက်လေးနဲ့ပစ်၊ တုတ်များနဲ့ ဝါးချွန်များနဲ့ ပစ်ခတ်ရိုက်နှက်ပြီးတော့ မောင်းထုတ်ရုံသာမက ဓာတ်ဆီလောင်းပြီး တဲအိမ်အားလုံးကို မီးရှို့ပစ်လိုက်ပါတယ်။ ဒဏ်ရာရသူတချို့နဲ့ မီးလောင်ပြင်ကို Slide ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၁၊ ၁၂ တို့မှာ မြင်တွေ့နိုင်ပါတယ်။ စားအိုးစားခွက်များ၊ အိပ်ရာ၊ စောင်၊ ခြင်ထောင်စသည်များမှအပါအဝင် ပိုင်ဆိုင်သမျှအားလုံး ဆုံးရှုံးခဲ့ရတာကြောင့် ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းက နေစရာပေး ကျွေးမွေးထားရတဲ့ အထိဖြစ်ပါတယ်။ တရားရုံးတော်တစ်ခုက တရားမအနိုင် ဒီဂရီရပြီးနောက် ဇာရီမှုကို လက်တွေ့အကောင်အထည်ဖော်ရတဲ့ တရားဝင်နှင်ထုတ် ခွင့်ရသူများ၊ ဝန်ထမ်းများ၊ ရဲများပင်လျှင် အန္တရာယ်ဖြစ်စေတဲ့ တုတ်၊ ဓား၊ လက်နက် ကိုင်ဆောင် အသုံးပြုခွင့် မရှိ ------

ဥက္ကဋ္ဌ။ ။ ၂ မိနစ် ထပ်ပေးပါမယ်။

ဦးလှမြင့်(ခ) ဦးလှမြင့်သန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။ ။ လူကိုယ်နဲ့ တရားသဖြင့် ပိုင်ဆိုင်ထားတဲ့ ပစ္စည်းကို ထိခိုက်အန္တရာယ်ပြုခွင့် ဥပဒေက ပေးမထားပါဘူး။ ဒါကြောင့် အခုလို လောက်လေး၊ တုတ်၊ ဓား၊ လက်နက်များ သုံးပြီး တဲအိမ်များကို ဖြိုဖျက်၊ လူကိုနာကျင်အောင် ပြုရုံမျှမက ပိုင်ဆိုင်သမျှအားလုံး ဆုံးရှုံးရတဲ့အထိ မီးရှို့ ဖျက်ဆီးခဲ့တဲ့ လုပ်ရပ်ဟာ တည်ဆဲဥပဒေနဲ့ ညီညွတ်ခြင်း ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားပေးစေလိုပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ဆင်းရဲမွဲတေလွန်းလို့ တဲအိမ်ဆောက်နေထိုင်နိုင်ဖို့ ရသမျှ ကြံဖန်ရှာဖွေခဲ့ကြရတာ ဖြစ်ပါတယ်။ ဒေသရဲ့ကာလပေါက်စျေးအရ တဲအိမ်တစ်လုံးကို နှစ်သိန်းခွဲမှ ငါးသိန်းအထိ ကုန်ကျခဲ့ရတယ်လို့ သိရပါတယ်။ အခုလို မီးရှို့ဖျက်ဆီးခံရတော့ မွဲတေမှုဟာ အဆုံးစွန်ရောက်ပြီး

ကုန်းကောက်စရာပင် မရှိတော့ပါ။ ဒီလိုဖြစ်အောင် ကိုယ့်လူမျိုးအချင်းချင်း ရက်ရက်စက်စက် မီးရှို့မှု၊ အကျိုးပျက်ဆီးမှု လုပ်ခဲ့သူများဟာ ရာဇဝတ်မှုကို ကျူးလွန်ခဲ့သူများ ဖြစ်လို့သူတို့ကို ဥပဒေအရ အရေးယူရန် အစီအစဉ် ရှိ/မရှိ မေးမြန်း လိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သဘာဝဘေးအန္တရာယ်ကြောင့် ဒုက္ခရောက်ခဲ့ရတဲ့ အိမ်ထောင်စုများနဲ့ ဆင်းရဲမွဲတေပြီး နေစရာ မြေမဲ့တဲ့ အိမ်ထောင်စုများဟာ မီးရှို့ခံရတော့ ပိုင်ဆိုင် သမျှအားလုံး ဆုံးရှုံးခဲ့ကြရရှာပါပြီ။ နူရာဝဲစွဲတဲ့အဖြစ်နဲ့ ကြုံနေရတဲ့ ဒီ ကျွန်တော်တို့ နိုင်ငံသား ဒုက္ခသည်တွေကို သက်သာရာရအောင် တစ်နည်းနည်းနဲ့ ကုစားပေးဖို့ အစီအစဉ် ရှိ/မရှိ ဖြေကြားပေး စေလိုပါ တယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

ရွာကမ်းပြိုသူများ၊ နေစရာမြေမဲ့သူများ ဝင်ရောက်ဆောက်ထားသည့် လူနေအိမ်များမြင်ကွင်းပုံ(စျ)

ဓားဖြင့် ခုတ်လှဲ တွန်းဖြိုပြီးနောက် မြင်ရသည့် အိမ်အချို့ မြင်ကွင်းပုံ(စျ-၁)

၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ(၃၀)ရက် ညတွင် အိမ်ခြေ(၄၀)ခန့်အား ဓားခုတ်တွန်းဖြို ဖျက်ဆီးခဲ့ရာတွင် အိမ်များအတွင်းသို့ လေးခွများဖြင့် ပစ်ခတ်အကြမ်းဖက်၍ ဒဏ်ရာရရှိခဲ့သောသူများပုံ (စျ-၂)

တဲအိမ် (၆၅၀)လုံး မီးရှို့ပြီးနောက် မြင်ရသော မြင်ကွင်းပုံ(စျ-၃)

လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် သက်ဆိုင်သော နိုင်ငံဖြတ်ကျော် လုပ်ငန်းများတွင် ပိုမိုလျင်မြန်သွက်လက်စေရန် အစီအစဉ်ချမှတ် ဆောင်ရွက်ထားခြင်း ရှိ/မရှိနှင့် ရှိပါက မည်ကဲ့သို့ ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း

အချိန်၊ ၁၀း၁၁။

ဥက္ကဋ္ဌ။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဒေါ်နော်လှလှစိုး က လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် သက်ဆိုင်သော နိုင်ငံဖြတ်ကျော်လုပ်ငန်းများတွင် ပိုမိုလျင်မြန်သွက်လက်စေရန် အစီအစဉ်ချမှတ် ဆောင်ရွက်ထားခြင်း ရှိ/မရှိနှင့် ရှိပါက မည်ကဲ့သို့ ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၀း၁၁။

ဒေါ်နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့်တကွ ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်(၁၀)မှ နော်လှလှစိုး ဖြစ်ပါတယ်။ ကျွန်မမေးမယ့် မေးခွန်းကတော့ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနဲ့ သက်ဆိုင်သော နိုင်ငံဖြတ်ကျော်လုပ်ငန်းများတွင် ပိုမိုလျင်မြန်သွက်လက်စွာ အစီအစဉ် ချမှတ်ဆောင်ရွက်ထားခြင်း ရှိ/မရှိနဲ့ ရှိပါက မည်ကဲ့သို့ ဆောင်ရွက်ထားသည်ကို သိရှိလိုပါတယ်။ ကျွန်မရဲ့ မေးခွန်းကို Slide များနဲ့လည်း ဆက်လက်ပြီးတော့ တင်ပြသွားမှာ ဖြစ်တဲ့အတွက်ကြောင့် အချိန်ကို အနည်းငယ်ပိုပြီးတော့ပေးဖို့ တောင်းဆိုလိုပါတယ်။

ဒီမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ကျွန်မကိုယ်တိုင် လိုက်ပါဆောင်ရွက်ပေးတဲ့ ကိစ္စလေးတွေ ကိုလည်း တစ်ဆက်တည်း တင်ပြချင်ပါတယ်။ ပြီးခဲ့တဲ့လက ကျွန်မတို့မဲဆန္ဒနယ်မြေမှာ (၁၈)နှစ်အရွယ် အမျိုးသမီးလေးတစ်ယောက် ပျောက်ဆုံးတဲ့အတွက်ကြောင့် ကျွန်မဆီကို မိဘတွေကနေပြီးတော့ အကူအညီတောင်းပါတယ်။ ကျွန်မကိုယ်တိုင် လိုက်လံပြီးတော့ ကူညီပေးခဲ့ပါတယ်။ ဒီရန်ကုန်တိုင်း လူကုန်ကူးမှုတားဆီး ကာကွယ်ရေးရုံးကို ရောက်ရှိခဲ့ပြီးတော့ ကျွန်မတို့အမှု ဖွင့်ခဲ့ပါတယ်။ အဲဒီမှာမှ ကျွန်မတို့ ဒီလုပ်ငန်း ဆောင်ရွက်မှုတွေက အင်မတန်မှ ရှုပ်ထွေးပြီးတော့မှ ခက်ခဲတယ်ဆိုတာကိုလည်း

ကျွန်မသိလာရပါတယ်။ အဲဒီကနေတစ်ဆင့် မူဆယ်ရဲစခန်း၊ နောက်ပြီးတော့ နေပြည်တော် အဲဒီဟာတွေကို အကြိမ်ပေါင်းများစွာ ကျွန်မ ဖုန်းဆက်ပြီးတော့ တွေ့ဆုံပြီးတော့မှ အကူအညီ တောင်းတယ်။ တော်ရုံလူသာမန် ဆိုလို့ရှိရင် ဒါတွေကလုပ်ဖို့ အင်မတန်ခက်ခဲတဲ့ Process ဖြစ်တယ် လို့လည်း တွေ့ရပါတယ်။ နောက်ဆုံး ကျွန်မကို ဒီသတင်းတွေ ပြန်ပြီးတော့ပေးပါတယ်။ ဒီနယ်စပ်၊ ဒီနိုင်ငံရပ်ခြားမှာဖြစ်တဲ့ အမှုဖြစ်တဲ့အတွက်ကြောင့် Interpol (International Criminal Police Organization) လိုမျိုး အဖွဲ့အစည်းက ကူညီမှ အဆင်ပြေမယ်။ အဲဒါလည်းပဲ နိုင်ငံခြားရေး ဝန်ကြီးရဲ့ အောက်မှာရှိတဲ့ ဌာနဖြစ်တဲ့အတွက်ကြောင့် ဌာနအချင်းချင်း ဆက်ဆံ၊ လုပ်ဆောင်မှုကလည်း ခက်ခဲတယ်ဆိုတာကိုလည်း ကျွန်မကိုအကြောင်းကြားတယ်။ နောက်ပြီး တော့ BLO (Border Liaison Office) ကလည်းပဲ တစ်နှစ်မှာ နှစ်ကြိမ်လောက်ပဲ တွေ့ဖြစ်တယ်လို့ ပြောတယ်။ တကယ်လို့ ကျွန်မတို့ အမှုကိုလည်း အဲဒီအစည်းအဝေးမှာ တင်လို့ရှိရင်လည်းပဲ စောင့်ရမယ်ဆိုတာ အဲလိုမျိုး အကြောင်းကြား လာပါတယ်။ အဲဒါကတော့ ကျွန်မကိုယ်တိုင်တွေ့ရှိခဲ့တဲ့ အခက်အခဲလေးတွေ ဖြစ်ပါတယ်လို့၊ နောက်တစ်ခုကတော့ ဥက္ကဋ္ဌကြီးနှင့်တကွ ဒီမှာရှိတဲ့ ကိုယ်စားလှယ်တွေ အားလုံးလည်း သိမှာပါ။ ပြီးခဲ့တဲ့လတုန်းက ကျွန်မတို့ ဒီနိုင်ငံမှာ ကမ္ဘာကျော် အမှုကြီးတစ်ခု ဖြစ်သွား ပါတယ်။ အဲဒါ ကတော့ ကျွန်မတို့နိုင်ငံရဲ့ ရေလုပ်သားတွေ အင်ဒိုနီးရှားနိုင်ငံမှာ အယောက်(၅၀၀)ကျော် ဒီလူကုန်ကူးမှု ခံရပြီးတော့ ကျွန်မတို့နိုင်ငံက သတင်းထောက် အက်စ်သာထုဆန် ကနေပြီးတော့ ရေးသားပြီးတော့ ဖော်ထုတ်တဲ့အခါမှာ ဒီရေလုပ်သားတွ၊ ဒီ ကျွန်ပြုခြင်းကနေပြီးတော့ ဒီလွတ်မြောက်လာပါတယ်။ Slide Show လေးကိုပြစေလိုပါတယ်။ ဒါကတော့ တရုတ်နိုင်ငံမှာ လူကုန်ကူးခံရတဲ့ ကလေးမလေး ကနေပြီးတော့ သူရှိတဲ့ နေရာကို မြေပုံနှင့်တကွ------

ဥက္ကဋ္ဌ။ ။ ၂မိနစ်အတွင်းပြီးအောင် ပြောပါ။

ဒေါ်နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။ ။ ဟုတ်ကဲ့။ Viber က ပြောတဲ့ Viber ကနေပြီးတော့ message ဖြစ်ပါတယ်။ နောက် Next Slide၊ ဒါကတော့ ဒီ ကျွန်ပြုခံရတဲ့ မြန်မာရေလုပ်သားများဖြစ်ပါတယ်။ အယောက်(၅၀၀)ကျော်ပါတယ်။ ဒါဟာဆိုလို့ရှိရင် ကျွန်မတို့နိုင်ငံ က သတင်းထောက်လည်းပဲ စွန့်စွန့်စားစားသွားရောက်ပြီးတော့ ဖော်ထုတ်တဲ့အတွက် ကြောင့် သူကိုယ်တိုင်လည်း ဒါ နိုင်ငံတကာဆု၊ ပူလစ်ဇာဆုကို ရရှိခဲ့ပါတယ်။ သူတို့ဟာလည်းပဲ အယောက် (၅၀၀) ကျော် လွတ်မြောက်ခဲ့ပါပြီ။ Next ဒါကတော့ အင်ဒိုနီးရှား ထောင်ထဲမှာ ကျရောက် နေတဲ့ မြန်မာရေ လုပ်သားတွေပါ။ Next ဒါဟာဆိုလို့ရှိရင် အင်ဒိုနီးရှားတာဝန်ရှိတဲ့ လူတွေက နေပြီး တော့ကူညီ ဆောင်ရွက်ပေးနေတဲ့ပုံ ဖြစ်ပါတယ်။ Next ဒါကတော့ အင်ဒိုနီးရှားကျွန်းတွေပေါ်မှာ အသက် ဆုံးရှုံးပြီးတော့မှ ဖျားနာတာရော၊ နောက်ပြီးတော့ ဒီစက်လှေပိုင်ရှင်တွေကနေ ရိုက်နှက်ပြီး တော့ သေဆုံး သွားရတဲ့ မြန်မာရေလုပ်သားတွေရဲ့ သခ္ဓိုင်းဖြစ်ပါတယ်။ Next ဒါဟာဆိုလို့ရှိရင် (၂၂)နှစ်တာ အလုပ် လုပ်ခဲ့ရပေမယ့်လည်း လုပ်အားခမရရှိခဲ့တဲ့ မြန်မာရေလုပ်သား ဖြစ်ပါတယ်။ ဒါတွေအားလုံးဟာ အေပီသတင်းမှာ ပါခဲ့တဲ့ပုံတွေ ဖြစ်ပါတယ်။ မီဒီယာမှာလည်း အင်မတန်မှထင်ရှား တော့ အားလုံးလည်း သိပြီးသား ဖြစ်မှာပါ။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ နိုင်ငံသားတွေဟာ အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံရပ်ခြားမှာ စွန့်စားပြီးတော့ သွားပြီးတော့ အလုပ်လုပ်ပါတယ်။ အဲဒီအခါမှာ လူကုန်ကူးမှု ခံရပါတယ်။ သူတို့ကို

ကာကွယ်ပေးရမှာ ကျွန်မတို့ တာဝန်ဖြစ်ပါတယ်။ ကျွန်မတို့ အစိုးရရဲ့ တာဝန်ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မတို့ရဲ့ ဒီလုပ်ငန်းတွေဟာဆိုလို့ရှိရင် ဒီလွတ်မြောက်လာတဲ့ ရေလုပ်သား အယောက် (၅၀၀)မှာ ဆိုလို့ရှိရင်(၁၁)ယောက်ပဲ လျော်ကြေးရမယ်လို့ ကတိပေးခြင်းခံရပါတယ်။ အခုထက်ထိတိုင်လည်း တစ်ပြားမှမရသေးပါဘူး။ အဲဒီတော့ အဲဒီသူတို့ဟာဆိုလို့ရှိရင် အနည်းဆုံး(၁၀)နှစ်ကနေ အနှစ်(၂၀) အထိ လစာမရဘဲနဲ့ အိပ်ချိန်ကလည်း တစ်ရက်(၃)နာရီပဲ ရှိတဲ့အတွက်ကြောင့် ကျေးကျွန်သဖွယ် ခိုင်းစေခြင်း ခံရပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်မတို့ ဒီလူကုန်ကူးမှု တားဆီးကာကွယ်ရေးနဲ့ သက်ဆိုင်တဲ့ နိုင်ငံရပ်ခြားမှာဖြစ်တဲ့ လုပ်ငန်းတွေမှာ လျင်မြန်သွက်လက်စေရန် အစီအစဉ်ချမှတ် ဆောင်ရွက်ထားခြင်း ရှိ/မရှိနဲ့ရှိပါက ဘယ်လိုဆောင်ရွက်ထားတယ်ဆိုတာကို သိရှိလိုကြောင်း လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

လူကုန်ကူးခံရသူမှ ပေးပို့လာသောမြေပုံ (တရုတ်နိုင်ငံ) (ည)



အင်ဒိုနီးရှား တာဝန်ရှိသူများနှင့် မြန်မာရေလုပ်သားများ မြင်ကွင်းပုံ (ည-၁)

(၂၂)နှစ်တာ အလုပ်လုပ်ခဲ့သော်လည်း လုပ်အားခ မရရှိခဲ့သော မြန်မာရေလုပ်သား၏ မြင်ကွင်းပုံ (ညာ-၂)

အချိန်၊ ၁၀း၁၇။

ဥက္ကဋ္ဌ။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

ဖြေကြားချက်

အချိန်၊ ၁၀း၁၇။

ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော် ကတော့ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး ဖြစ်ပါတယ်။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့် (ခ) ဦးလှမြင့်သန်း မေးမြန်းခဲ့တဲ့ မေးခွန်းနဲ့ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၁၀)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်နော်လှလှစိုး မေးမြန်းခဲ့တဲ့ မေးခွန်းများအပေါ် တစ်ခုချင်း ပြန်လည် ဖြေကြားသွားမှာဖြစ်ပါတယ်။

ပထမဦးစွာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်(ခ) ဦးလှမြင့်သန်း ရဲ့ မေးခွန်းကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်ကျေးရွာအုပ်စု၊ ဝါးဒတ်ကွင်းကျေးရွာအနီး၊ သုံးခွကျေးရွာအုပ်စု၊ ကွင်းအမှတ် (OSS-5) မှာရှိတဲ့ စက္ကူကုန်ကြမ်း၊ စိုက်ကွင်းအမှတ် (၆/၂၀၀၄) ကို စက်မှုဝန်ကြီးဌာနမှ ပြန်လည်အပ်နှံတဲ့အတွက် ပြည်ထဲရေးဝန်ကြီးဌာနမှ နိုင်ငံတော်က စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေအဖြစ် သတ်မှတ်ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါတယ်။ ဝါးဒတ်ကွင်းကျေးရွာ တိုးချဲ့ရန်အတွက် မြေ (၉၂.၃၇) ဧကကို ကျေးရွာတိုးချဲ့မြေအဖြစ် အသုံးပြုခွင့်ရရှိရေးအတွက် ၂၀၁၆ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့မှာ ပြုလုပ်တဲ့

မွန်ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေး (၈/၂၀၁၆အရ) မွန်ပြည်နယ်အစိုးရမှ နိုင်ငံတော်သမ္မတရုံးသို့ တင်ပြခဲ့ရာ နိုင်ငံတော်သမ္မတရုံးမှ ၂၀၁၆ခုနှစ်၊ မေလ ၁၂ ရက်နေ့မှာ လုံခြုံရေးနဲ့ တည်ငြိမ်အေးချမ်းရေး တရားဥပဒေစိုးမိုးရေးကော်မတီသို့ တင်ပြဆောင်ရွက်ရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာနသို့ အကြောင်းကြားလာတဲ့အတွက် ၎င်းမြေအား ဆက်လက်တင်ပြနိုင်ရေး ပြည်ထဲရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိပါကြောင်း ဦးစွာတင်ပြအပ်ပါတယ်။

၂၀၁၅ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့မှာ ဦးမောင်ရွှေ၊ ဝေါမြို့နယ်နေသူမှ ဦးဆောင်ပြီး အင်အား(၅၀)ဦးခန့်ဟာ အထက်ဖော်ပြပါ မြေပေါ်သို့ ကျူးကျော်၍ ခြံစည်းရိုးကာရံမည်ဟု သိရှိရခြင်းအပေါ် သိမ်ဇရပ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးမှ ရွာသူ၊ ရွာသားများနှင့် တွေ့ဆုံကာ တိုးချဲ့ခွင့်ရရှိပါက လုပ်ထုံးလုပ်နည်းနဲ့အညီ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောဆိုခဲ့သော်လည်း လက်ခံခြင်းမရှိဘဲ မြေပေါ်မှာဝါးတိုင်များဖြင့် ယာယီခြံစည်းရိုးကာရံခြင်း ဆောင်ရွက်ခဲ့တဲ့အတွက် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့မှာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ သိမ်ဇရပ်နယ်မြေရဲစခန်းမှူး၊ သိမ်ဇရပ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ သုံးခွကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတို့ ပါဝင်တဲ့အဖွဲ့မှ ဝါးဒတ်ကွင်းကျေးရွာ ဓမ္မသိဒ္ဓိဘုန်းကြီးကျောင်းမှာ ဦးမောင်ရွှေ ဦးဆောင်သော (၇၄)ဦးအဖွဲ့ကို တွေ့ဆုံ၍ ဥပဒေနဲ့အညီ ဆောင်ရွက်နိုင်ရေး ရှင်းလင်းခဲ့ကြောင်းတွေ့ရှိရပါတယ်။

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်နေ့မှာ ဦးမောင်ရွှေ ဦးဆောင်တဲ့ (၇၀)ဦးတို့ဟာ ဝါးဒတ်ကွင်းကျေးရွာ လျာထားမြေပေါ်မှာ ချုံနွယ်များ ရှင်းလင်းပြီး အကွက်ရိုက်ကာ ခြံစည်းရိုးကာရံခြင်းကို ဆက်လက်ဆောင်ရွက်နေတဲ့အတွက် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့မှာ မြို့နယ်အုပ်ချုပ်ရေးမှူးအဖွဲ့မှ ကျူးကျော်မှုများ ဖြစ်ပွားတဲ့နေရာမှာ လမ်းဘေးဝဲယာ ဝါးဒတ်ကွင်း - သုံးခွနှင့် ဝါးဒတ်ကွင်း - ဇီးပြောင်းသွားလမ်းဘေးမှာ" နိုင်ငံတော်က စီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေ၊ မကျူးကျော်ရ" ဟူသော ဗီနိုင်းဆိုင်းဘုတ်များစိုက်ထူခြင်း၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အမိန့် (၂/၂၀၁၅) ဖြင့်နိုင်ငံတော်က စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေအဖြစ် သတ်မှတ်ကြောင်း၊ နိုင်ငံတော်ကစီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေပေါ်တွင် ခွင့်ပြုချက်မရှိဘဲ ကျူးကျော်၍ သီးနှံစိုက်ပျိုးခြင်းမပြုရ၊ နိုင်ငံတော်ပိုင် မြေပေါ်တွင်ခွင့်ပြုချက်မရှိဘဲ ကျူးကျော်၍ အိမ်ရာဖော်ထုတ်ခြင်း၊ အိမ်ရာဆောက်လုပ် ခြင်းမပြုရ၊ အခြားနည်းများ ဆောင်ရွက်ခွင့်မပြုရ။ ဤအမိန့်ကို မလိုက်နာသူများအား တည်ဆဲဥပဒေနှင့်အညီ အရေးယူ ခံရမည်ဖြစ်ကြောင်း ဗီနိုင်းနှင့် ကြော်ငြာဘုတ်များ စိုက်ထူခဲ့ကြောင်းလည်း သိရှိရ ပါတယ်။

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့မှာတော့ မြို့နယ်အုပ်ချုပ်ရေးမှူး ပါဝင်တဲ့အဖွဲ့ကွင်းဆင်းစစ်ဆေးခဲ့တဲ့ အခါမှာ ဦးဘိုဘိုအောင်ပါ (၁၁)ဦးမှ ဝင်ရောက်ဆောက်လုပ်လျက်ရှိကြောင်းတွေ့ရှိရပြီး၊ ကျိုက်ထိုမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရဲ့ ထုတ်ပြန်ထားတဲ့အမိန့်ကို ဖီဆန်ပြီး ကျူးကျော်ဆောက်လုပ်နေကြောင်း သုံးသပ်တွေ့ရှိရတဲ့အတွက် ဥပဒေနဲ့အညီ တရားစွဲနိုင်ရေး မြို့နယ်ဥပဒေရုံးသို့ အကြံပြုချက်များ ရယူဆောင်ရွက်ခဲ့ပြီး ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၈၈ အရ မြို့နယ်အုပ်ချုပ်ရေးမှူးက တရားလိုပြုလုပ်ပြီး ဦးတိုက်လ္လောက်ထား တရားစွဲဆိုချက်အပေါ် ဥပဒေအကြံပြုချက်အရ ရာကြီးမှူးအမှတ် (၆၉၈/၂၀၁၅) ဖြင့် တရားစွဲဆိုထားရှိကြောင်းလည်း သိရှိရပါတယ်။ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့မှာတော့ မြို့နယ်အုပ်ချုပ်ရေးမှူးနဲ့အဖွဲ့ဟာ ဆောက်လုပ်ထားတဲ့ နေအိမ်

တွေ၊ ခြံစည်းရိုးတွေကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့ နောက်ဆုံးထားပြီး မိမိတို့အစီအစဉ်ဖြင့် ဖယ်ရှားရှင်းလင်း ဖျက်သိမ်းသွားရန်၊ သတ်မှတ်ရက်ကျော်လွန်ပါက ကျူးကျော်ဆောက်လုပ်ထားတဲ့ ခြံစည်းရိုး၊ အိမ်များကို ဥပဒေနဲ့အညီ ရှင်းလင်းဖယ်ရှား သွားမည်ဖြစ်ကြောင်း ကြော်ငြာချက်များ ပြုလုပ်ခြင်း၊ အသံချဲ့စက်ဖြင့် လိုက်လံကြေညာခဲ့ပြီး ၈ ရက်နေ့မှာ စစ်ဆေးတဲ့အခါမှာတော့ အမျိုးသား၊ အမျိုးသမီးအင်အား စုစုပေါင်း(၄၀)ဦးခန့်က ၎င်းတို့နေအိမ်တဲများ အမိုးမိုးခြင်း၊ အခင်းခင်း၍ နေထိုင်ခြင်း၊ ဖယ်ရှားထွက်ခွာခြင်းမရှိဘဲ ဦးမောင်ရွှေ ဦးဆောင်တဲ့ အင်အား(၅၀)ဦးခန့်က တုတ်၊ ဓား၊ လက်နက်၊ ဓာတ်ဆီပုလင်းများ ကိုင်ဆောင်ပြီး စစ်ဆေးတဲ့အဖွဲ့ကို ညာသံပေးလေးခွန့် ပစ်ခတ်ခဲ့တဲ့ အတွက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့မှ ဖျောင်းဖျပြောဆိုမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါတယ်။

ယင်းကိစ္စအပေါ် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့မှာ မြို့နယ်အုပ်ချုပ်ရေးမှူးမှ တရားလိုပြု၍ ဦးမောင်ရွှေ ပါ (၆) ဦးအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၈၈ အရ အရေးယူပေးရန် ဦးတိုက်လျှောက်ထားခဲ့ရာ ရာကြီးမှုအမှတ် (၇၆၈/၂၀၁၅) နဲ့လည်း အမှုဖွင့်တရားစွဲဆိုထားရှိကြောင်း သိရှိရပါတယ်။ ဒီနောက်မှာတော့ ရပ်ကွက်၊ ကျေးရွာငြိမ်ဝပ်ပိပြားရေးကို ပျက်ပြားရန် လုပ်ဆောင်ချက် ဖြင့် ဦးဆောင်ခဲ့သူ ဦးမောင်ရွှေ၊ ဦးစိုးဦး၊ ဦးမောင်မောင်၊ ဦးမျိုးတို့ (၄)ဦးကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့မှာ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၀၅(ခ)အရ တရားစွဲဆိုရန် မြို့နယ်အုပ်ချုပ်ရေးမှူးမှ ဦးတိုက်လျှောက်ထားခဲ့ရာ ကျိုက်ထိုမြို့နယ် တရားရုံးမှ ရာကြီးမှုအမှတ် (၇၈၇/၂၀၁၅)ဖြင့် လက်ခံ စစ်ဆေးလျက်ရှိပါတယ်။ တရားခံလေးဦး ဖမ်းဆီးရမိရေးအတွက်လည်း ဆောင်ရွက်လျက်ရှိရာမှာ ဦးစိုးဦး ကိုဖမ်းဆီးရမိပြီး၊ ကျန်တရားခံ(၃)ဦးအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက် နေ့မှာတော့ ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်ကျေးရွာအုပ်စု၊ ဝါးဒတ်ကွင်း ကျေးရွာအနီး ကျူးကျော်မှု ဖြစ်ပွားလျက်ရှိသည့် တဲစုအတွင်းသို့ ကျေးရွာအနီးပတ်ဝန်းကျင်မှာရှိတဲ့ သုံးခွကျေးရွာ၊ ရေကျော်ကျေးရွာ၊ ဝါးဒတ်ကွင်းကျေးရွာများမှ ဒေသခံပြည်သူတို့ဟာ ကျူးကျော်တဲစု အတွင်းဝင်ရောက်ကာ ကျူးကျော်မှု ဆက်လက်မပြုရန်နဲ့ မိမိတို့ယခင်နေထိုင်ခဲ့တဲ့ နေရာတွေကို ပြန်လည်ပြောင်းရွှေ့ထွက်ခွာသွားရန် အော်ဟစ်ပြောဆိုရာမှာ ကျူးကျော်တဲစုအတွင်း နေထိုင်သူ ကျား(၂၀)ဦး၊ မ(၂၀)ဦးခန့် နဲ့စကားများပြီး ကျူးကျော်သူများနဲ့ သွားရောက် ဖယ်ရှားသူများအကြား ပဋိပက္ခ များဖြစ်ပွားခဲ့ကြောင်း တွေ့ရှိရပါတယ်။ ထိုသို့ဖြစ်ပေါ်ခဲ့ရာမှ မီးရှို့ဖျက်ဆီးမှုများလည်း ပြုလုပ်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ ၎င်းကျူးကျော်တဲနေရာမှာ အိမ်ခြေ(၇၀)လုံးခန့်ရှိရာမှ တဲ(၆၀)လုံးခန့် မီးလောင်ကျွမ်းပြီး လူနေတဲ(၁၀)လုံးခန့်သာ ကျန်ရှိကြောင်းတွေ့ရှိရပါတယ်။ ၎င်းဖြစ်စဉ်မှာ လူ၊ တိရစ္ဆာန်များ ထိခိုက်မှုမရှိ ကြောင်း တွေ့ရှိရပါတယ်။ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့မှာ ကျူးကျော်ကွက်သစ်မှာရှိတဲ့ ဒေါ်ဝင်းရီ ရဲ့ နေအိမ်နဲ့ပတ်ဝန်းကျင် အိမ်ခြေ(၆၅၀)ခန့်ကို ဝါးဒတ်ကွင်းကျေးရွာရာအိမ်မှူး၊ သုံးခွကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူး ဦးဆောင်တဲ့ အင်အား(၂၀၀)ခန့်မှ မီးရှို့ဖျက်ဆီးမှုများ ပြုလုပ်ခဲ့သဖြင့် ဥပဒေ အရ အရေးယူပေးရန် တိုင်တန်းချက်အပေါ်လည်း ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့မှာ ပြစ်မှုပုဒ်မ ၄၃၆ ဖြင့် အမှုဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်းလည်း သိရှိရပါတယ်။

၂၀၁၆ ခုနှစ်၊ မေလ ၅ ရက်နေ့မှာ ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်ကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူး ရုံးသို့ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးဇော်ဝင်း၊ ဒေါက်တာဥာဏ်ဇော်၊

ဒေါ်မြမြနဲ့ ရုံးအဖွဲ့ဝင်(၃)ဦး၊ စုစုပေါင်း(၆)ဦးတို့ဟာ ဝါးဒတ်ကွင်းကျေးရွာ ကျူးကျော်ရပ်ကွက်သို့ ရောက်ရှိပြီး ကျူးကျော်ကွက်သစ်အတွင်း ဆောက်လုပ်နေထိုင်နေတဲ့ ဦးထွန်းထွန်းဝင်း ပါ(၄)ဦး တို့အား တွေ့ဆုံ၍ စတင်ဆောက်လုပ်သည့် နေရပ်နှင့် မြေကွက်အကျယ်အဝန်း၊ ချထားပေးသူများရဲ့ အမည်၊ မြေကွက်အတွက် ငွေကြေးပေးအပ်ထားမှုကို မေးမြန်းခဲ့တဲ့အခါမှာ ပေ၄၀x၆၀ မြေကွက်ကို ရာအိမ်မှူး ဦးခင်အေး (ခ) ဦးပဲသီး မှ ချထားပေးကြောင်း၊ မြေရှင်းလင်းခနှင့် ကျေးရွာဘုရားပွဲ အတွက် အလှူငွေကျပ် (၁)သိန်း ပေးခဲ့ရကြောင်း ပြန်လည်ဖြေကြားခဲ့ပါတယ်။ တိုင်ကြားခံရသူ(၈)ဦး အနက် ဦးခင်အေး (ခ) ဦးပဲသီးပါ (၇)ဦးကို စစ်ဆေးခဲ့ပြီး၊ ဦးထွန်းဇော်ဦး ဆိုသူမှ လာရောက်ခြင်း မရှိတဲ့ အတွက် စစ်ဆေးနိုင်ခြင်း မရှိကြောင်း သိရှိရပါတယ်။ တိုင်ကြားသူ ဒေါ်ဝင်းရီ ပါ (၆)ဦးကို ဆက်လက် စစ်ဆေးခဲ့ရာမှာ ဝါးဒတ်ကွင်းကျေးရွာ ကျူးကျော်ကွက်သစ်အတွင်းမှာရှိတဲ့ နေအိမ်တဲများ မီးရှို့ခံရမှု ဖြစ်စဉ်၊ မီးမရှို့မီကနေအိမ်တဲများတည်ရှိမှုအခြေအနေ၊ ပျက်စီးဆုံးရှုံးမှုအခြေအနေ၊ အကြမ်းဖက် ခံရမှု အခြေအနေနဲ့ လက်ရှိမြေကွက်များကို ဦးခင်အေး (ခ) ဦးပဲသီး မှ ချထားပေးမှု အခြေအနေများကို လည်း စုံစမ်းစစ်ဆေးခဲ့ကြောင်း တွေ့ရှိရပါတယ်။

မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ ၂၀၁၆ခုနှစ်၊ မေလ ၉ ရက်နေ့သတင်း ထုတ်ပြန်ချက်အမှတ် (၆/၂၀၁၆) ဖြင့်အောက်ပါအတိုင်း အကြံပြုခဲ့ပါသဖြင့် ပြည်နယ်တရားရုံး၊ ပြည်နယ် တရားလွှတ်တော်ရုံးနဲ့ ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးများသို့ သိရှိဆောင်ရွက်ရန် အကြောင်းကြားခဲ့ ပါတယ်။

(၁) မွန်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အခင်းဖြစ်ပွားရာ နယ်မြေများနဲ့ ပတ်သက်၍ မြေကွက်နေရာ ချထားရေးကော်မတီဖွဲ့စည်းခြင်း၊ ရှင်းလင်းပြတ်သားသော မြေကွက် နေရာချထားပေးရေးမူဝါဒများ ချမှတ်ခြင်း၊ ပွင့်လင်းမြင်သာစွာ မြေကွက်ချထားပေး ခြင်းတို့ကို ဆောင်ရွက်သင့်ကြောင်း၊

(၂) အခင်းဖြစ်ပွားရာနယ်မြေအတွင်း တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ရရှိစေရန် ကျိုက်ထိုမြို့နယ်တရားရုံးအနေဖြင့် ဤကိစ္စနှင့်ပတ်သက်၍ လက်ခံစစ်ဆေး လျက်ရှိသော အမှုများကို ဦးစားပေး စစ်ဆေးစီရင်သင့်ကြောင်း၊

(၃) ကျိုက်ထိုမြို့နယ်ရဲတပ်ဖွဲ့အနေဖြင့် ဤကိစ္စနှင့်ပတ်သက်၍ ရဲစခန်းတွင်ဖွင့်လှစ်ထား သောအမှုများအား ကျူးလွန်သူများကို စုံစမ်းဖော်ထုတ်ပြီး ဆောလျင်စွာ တရားစွဲဆို နိုင်ရေး ဆောင်ရွက်သင့်ကြောင်း ပေးပို့ခဲ့ကြောင်း တွေ့ရှိရပါတယ်။

ကျိုက်ထိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရုံးအမိန့်အမှတ် ၂/၂၀၁၅ ကို ဖိဆန်ပြီး ကျူးကျော်ဆောက်လုပ်နေထိုင်သူ ဦးဘိုဘိုအောင်ပါ(၁၁)ဦးကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၈၈ အရ လည်းကောင်း၊ ထပ်မံဆောင်ရွက်သူ ဦးမောင်ရွှေပါ (၆)ဦးကို ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၈၈၊ ပြစ်မှုကြီး အမှတ် (၇၆၈/၂၀၁၅) အရလည်းကောင်း၊ ရပ်ကွက်၊ ကျေးရွာငြိမ်ဝပ်ပိပြားရေး ပျက်ပြားစေပြီး ပြစ်မှု ကျူးလွန်စေရန် ရည်ရွယ်ချက်ဖြင့် ဦးဆောင်ခဲ့သူများ ဖြစ်သော ဦးမောင်ရွှေ ပါ (၄)ဦးကို ကျိုက်ထို မြို့နယ်တရားရုံးမှ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၀၅(ခ)အရ မြို့နယ်အုပ်ချုပ်ရေးမှူးက လျှောက်ထားခဲ့ရာ ရာကြီးမှုအမှတ် (၇၈၃/၂၀၁၅)ဖြင့် အသီးသီးစစ်ဆေး အရေးယူလျက်ရှိကြောင်း တွေ့ရှိရပါတယ်။ အစိုးရမှစီမံခန့်ခွဲနိုင်သော မြေလွတ်အတွင်း ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဆောက်လုပ်ထားသော

တဲအိမ်(၇၀)လုံးအနက် (၆၀)လုံးခန့်ကို မီးရှို့ဖျက်ဆီးခဲ့သူများကိုလည်း သိမ်ဇရပ်နယ်မြေ ရဲစခန်း (ပ) ၁၆/၂၀၁၆၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၃၆ ဖြင့် တရားစွဲဆိုထားပြီး တရားလိုစစ်ဆေးခြင်း၊ အခင်းဖြစ်ရပ်သို့ သွားရောက်စစ်ဆေးခြင်း၊ အခင်းဖြစ်ရပ်စစ်ဆေးခြင်း၊ သက်သေများစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပြီး၊ ၂၀၁၆ ခုနှစ်၊ မေလ ၁၃ ရက်နေ့မှာ ဥပဒေအကြံပြုများ တောင်းခံကာ တရားစွဲဆို တင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။ ကျိုက်ထိုမြို့နယ် တရားရုံးမှလည်း ဖော်ပြပါ အမှုများကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနဲ့အညီ ကြန့်ကြာမှုမရှိအောင် မှန်ကန်မြန်ဆန်စွာနဲ့ စစ်ဆေးလျက်ရှိကြောင်း ပြည်နယ်တရားလွှတ်တော်ချုပ်ရုံးမှ ညွှန်ကြားပေးပို့ချက်အရ သိရှိရပါတယ်။

ဖြစ်စဉ်အရ ကျူးကျော်ဝင်ရောက်သူ အများစုဟာ ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်တစ်ဝိုက်မှဖြစ်ကြောင်း သိရှိရသည့်အတွက် ပြည်နယ်၊ တိုင်းဒေသကြီးနယ်မြေများကို ကျော်လွန်၍ မြေကွက်ကျူးကျော်မှုများဆောင်ရွက်ခြင်း မရှိစေရေးအတွက် ဝေါမြို့နယ်နှင့် နီးစပ်ရာကျေးရွာများသို့ထိန်းသိမ်းကြပ်မတ်ရေးဆောင်ရွက်ပေးပါရန် မွန်ပြည်နယ်အစိုးရအဖွဲ့မှ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့လည်း ညွှန်ကြားအကြောင်းကြားမှုများ ပြုလုပ်ခဲ့ကြောင်းတွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ ကျူးကျော်နေထိုင်သူများကို ဥပဒေအရအမှုဖွင့် အရေးယူရန် ဆောင်ရွက်လျက်ရှိသည့်အပြင် ကျူးကျော်တဲမီးရှို့သူများ၏ လုပ်ရပ်မှာလည်း တည်ဆဲဥပဒေများကို ချိုးဖောက်ခြင်းဖြစ်သည့်အတွက် ဥပဒေနဲ့အညီ အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိပါကြောင်းနဲ့ ဝါးဒတ်ကွင်းကျေးရွာတိုးချဲ့မြေ (၉၂.၃၇)ဧကကို ရွာမြေတိုးချဲ့ ခွင့်ပြုမိန့်ရရှိပါက မွန်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် မြေကွက်နေရာချထားရေး ကော်မတီဖွဲ့စည်းပြီး ရှင်းလင်းပြတ်သားသည့် မြေကွက်နေရာ ချထားရေး မူဝါဒများချမှတ်ကာ ဒေသခံ အိုးမဲ့၊ အိမ်မဲ့များကို ဦးစားပေး အစီအစဉ်အရ ပွင့်လင်းမြင်သာစွာ စနစ်တကျနေရာချထား ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မွန်ပြည်နယ်အစိုးရအဖွဲ့၏ ညွှန်ကြားဖြေကြားချက်အပေါ် ပြန်လည်ရှင်းလင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးရန်ကုန်တိုင်းဒေသကြီးအမှတ်(၁၀)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်နော်လှလှစိုး မေးမြန်းတဲ့ မေးခွန်းကို ဆက်လက်ဖြေကြားသွားပါမယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးခွန်းပါဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ကြို့ကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်နေ အမျိုးသမီးငယ်တစ်ဦး ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့ နေအိမ်ကနေ ပျောက်ဆုံးသွားခဲ့ပြီး ၂၀၁၆ခုနှစ်၊ ဧပြီလ ၁၆ ရက်နေ့မှာ တရုတ်ဖုန်းနဲ့ တရုတ်နိုင်ငံ၊ ဟဲနန်ပြည်နယ်၊ လော့ရန်မြို့၊ ခန့်သီရပ်ကွက်နေ ဝိုက်ခ်ီး ဆိုသူ တရုတ်အမျိုးသားရဲ့ ဝယ်ယူပေါင်းသင်းခြင်း ခံနေရတယ်လို့ မိဘများထံမှ ဆက်သွယ်အကြောင်းကြားချက်အရ ၂၀၁၆ခုနှစ်၊ ဧပြီလ ၂၁ ရက်နေ့မှာ မိခင်ဒေါ်တင်တင်ညိုက အမှတ်(၆) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု ရန်ကုန်သို့ သွားရောက် သတင်းပေးတိုင်တန်းခဲ့တဲ့ ဖြစ်စဉ်ဖြစ်ကြောင်း သိရှိရပါတယ်။ ၎င်းဖြစ်စဉ်နဲ့ ပတ်သက်ပြီး ကာယကံရှင်များရဲ့ သတင်းပေးတိုင်တန်းချက်၊ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ပူးပေါင်းဆောင်ရွက်ချက်ပေါ်မူတည်ပြီး အမှတ်(၆)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု ရန်ကုန်နဲ့အမှတ်(၁၇) တပ်ဖွဲ့စု မူဆယ်တို့မှတစ်ဆင့် တရုတ်နိုင်ငံ ရွှေလီလူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ နယ်စပ်ဆက်ဆံရေးရုံးသို့ တရားဝင်ချိတ်ဆက်၍ လူကုန်ကူးခံရသူအား ကယ်တင်နိုင်ရေးဆောင်ရွက်ခဲ့ပါတယ်။

အလားတူပဲ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်မှာရှိတဲ့ နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီးဟာလည်း၊ 247 အင်တာပိုဆက်သွယ်ရေးလမ်းကြောင်း မှတစ်ဆင့် ဆက်သွယ် ဆောင်ရွက်ခဲ့ပါတယ်။ ဒီနေရာမှာ တစ်ဆက်တစ်စပ်တည်း တင်ပြလိုတာကတော့ အင်တာပိုအဖွဲ့ကို ပြည်ထဲရေးဝန်ကြီးဌာန အောက်မှာရှိတဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့နဲ့ တိုက်ရိုက်ချိတ်ဆက်ပြီး နယ်စပ်ဖြတ်ကျော်ဆိုင်ရာမှုခင်းများ ဖြေရှင်းနိုင်ရေး ပူးပေါင်း ဆောင်ရွက်မှုများ တိုက်ရိုက်ဆက်သွယ် ဆောင်ရွက်လျက်ရှိပါကြောင်းလည်း ဖြည့်စွက်တင်ပြအပ်ပါတယ်။ လူကုန်ကူးမှုတားဆီး နှိမ်နင်းရေးတပ်ဖွဲ့နဲ့ ပေါင်းစပ်ညှိနှိုင်းပြီးတော့လည်း တရုတ်နိုင်ငံ နယ်စပ်ဖြတ်ကျော် မှုခင်းဌာနသို့ ဆက်သွယ်ဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံမှာရှိတဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရဲသံမှူးကြီး မှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ ပြည်ထဲရေးဝန်ကြီးဌာန အနေနဲ့လည်း နိုင်ငံခြားရေးဝန်ကြီး ဌာနနဲ့ ပေါင်းစပ်ညှိနှိုင်း၍ သံတမန်ရေးလမ်းကြောင်းမှ ချိတ်ဆက်ဆောင်ရွက်ခြင်းများလည်း အချိန်နဲ့ တစ်ပြေးညီ ဆောင်ရွက်ခဲ့ပါတယ်။

ထိုသို့ဆောင်ရွက်ခဲ့မှုကြောင့် တရုတ်နိုင်ငံ၊ လော့ရန်မြို့ အထူးမှုခင်းရဲဌာနဟာ ၂၀၁၆ ခုနှစ်၊ မေလ ၁၉ ရက်နေ့မှာ ကာယကံရှင် မိန်းကလေးကို တရုတ်နိုင်ငံ၊ လော့ရန်မြို့အတွင်းမှာရှိတဲ့ နေအိမ်တစ်အိမ်ကနေ လက်ဝယ်ကယ်တင်နိုင်ခဲ့ပြီး၊ လော့ရန်မြို့ အမျိုးသမီးထိန်းသိမ်း စောင့်ရှောက်ရေး ဂေဟာမှာ မူလထိန်းသိမ်းထားရှိခဲ့ပါတယ်။ လက်ရှိ အခြေအနေမှာတော့ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့မှာ မူဆယ်မြို့မှာရှိတဲ့ နယ်စပ်ဆက်ဆံရေးရုံး (BLO)မှာ မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းလက်ခံခဲ့ပြီး ၂၀၁၆ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့မှာတော့ ကာယကံရှင်ရဲ့ မိဘများထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ကာ ဇွန်လ ၆ ရက်နေ့မှာတော့ ၎င်းတို့ရဲ့ရန်ကုန်မြို့ နေအိမ်သို့ ပြန်လည်ရောက်ရှိပြီး ဖြစ်ကြောင်းလည်း ဖြည့်စွက်တင်ပြအပ်ပါတယ်။ ကာယကံရှင် မိန်းကလေးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့ကြတဲ့ မလင်းလင်းစိုး (ခ) မလင်းလင်း အား ဖမ်းဆီးရမိခဲ့ပြီး၊ ၎င်းနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ကြတဲ့ မစနေမ နဲ့ ကောင်းထက်ဇော်(ခ) ကောင်းထက် တို့(၂)ဦးမှာ ထွက်ပြေးတိမ်းရှောင်နေသဖြင့် ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိကြောင်းနဲ့ ၎င်းတို့(၃)ဦးကိုလည်း အမှတ်(၁၇) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး တပ်ဖွဲ့စု (မူဆယ်)မှ ရဲအုပ်သန်းနိုင်ဦး က တရားလိုပြုပြီး မူဆယ်မြို့မ ရဲစခန်းမှာ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၈(က)အရ အမှုဖွင့်အရေးယူပြီး ဆောင်ရွက်လျက်ရှိကြောင်းတင်ပြအပ်ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကုလသမဂ္ဂ လူကုန်ကူးမှု တိုက်ဖျက်ရေးအစီအစဉ် ဒေသဆိုင်ရာရုံး (UNLAP) ရဲ့ထုတ်ပြန်ကြေညာချက်အရ ကမ္ဘာနှင့်အဝှမ်းမှာ (၂၆)သန်းမကသော လူသားတွေဟာ ခေတ်သစ်ကျေးကျွန်ဘဝသို့ ရောက်ရှိနေကြောင်း၊ နှစ်စဉ်လူသား(၂.၅)သန်း၊ နေ့စဉ်ဆိုရင် လူပေါင်း(၆၈၀၀)ဦးခန့်ဟာ လူကုန်ကူးခံနေရလျက်ရှိကြောင်း၊ အာရှတိုက်တစ်ခုထဲမှာပင် (၉)သန်းမျှ သော ပြည်သူများဟာလည်း လူကုန်ကူးခံရတဲ့ဘဝကို ရောက်ရှိနေကြောင်း လေ့လာသိရှိရပါတယ်။ မြန်မာနိုင်ငံအနေနဲ့ လူကုန်ကူးမှုကို တားဆီးကာကွယ်တိုက်ဖျက်နိုင်ဖို့ ၂၀၀၄ ခုနှစ်မှာ ကုလသမဂ္ဂ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းမှာ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပြီးတော့၊ ၂၀၀၅ ခုနှစ်မှာ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေကို ပြဋ္ဌာန်းခြင်း၊ ၂၀၀၆ ခုနှစ်မှာ လူကုန်ကူးမှု တားဆီး ကာကွယ်ရေးဗဟိုအဖွဲ့ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် အဖွဲ့အစည်းများကို ဖွဲ့စည်းခြင်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အထူးအဖွဲ့များဖွဲ့စည်းခြင်း၊ ၂၀၁၁ ခုနှစ်မှာ လူကုန်ကူးမှု

တားဆီး ကာကွယ်ရေးဗဟိုအဖွဲ့ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်များ ပြင်ဆင်ဖွဲ့စည်းခြင်း၊ လူကုန်ကူးမှုနဲ့ ပတ်သက်၍ အောက်ခြေအဆင့်အထိ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက် ရပ်ရွာအခြေပြု လူကုန်ကူးမှုဆိုင်ရာ စောင့်ကြည့်ရေးအဖွဲ့ ဖွဲ့စည်းခြင်း၊ နှစ်စဉ် လုပ်ငန်းစီမံချက်များ ရေးဆွဲပြဋ္ဌာန်းပြီး နိုင်ငံတကာ စံနှုန်းနှင့်အညီ ပူးပေါင်းဆောင်ရွက်ရေး၊ ကြိုတင် ကာကွယ်တားဆီးရေး၊ တရားစွဲဆိုရေး၊ လူကုန်ကူးခံရသူများ ကာကွယ်စောင့်ရှောက်ရေးနဲ့ စွမ်းရည်မြှင့်တင်ရေးလုပ်ငန်း များကိုလည်း အစဉ်တစိုက် ဆောင်ရွက်လျက် ရှိပါတယ်။

ဒါ့အပြင် မဲခေါင်ဒေသအတွင်း လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးစီမံကိန်း (Coordinated Mekong Ministerial Initiative against Trafficking-COMMIT)၊ အာရှဒေသ လူကုန်ကူးမှုတိုက်ဖျက်ရေးစီမံကိန်း (Asia Regional Trafficking in Persons Project-ARTIP)စတဲ့ ဒေသဆိုင်ရာ စီမံကိန်းများ။ အိမ်နီးချင်းနိုင်ငံများဖြစ်တဲ့ တရုတ်နိုင်ငံ၊ ထိုင်း နိုင်ငံတို့နဲ့ (Bilateral)အားဖြင့် နှစ်နိုင်ငံနားလည်မှု စာချွန်လွှာချုပ်ဆိုပြီး နိုင်ငံတကာနဲ့လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ မြန်မာနိုင်ငံဟာ ၂၀၁၂ ခုနှစ်ကနေ ၂၀၁၆ ခုနှစ်အထိ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ဒုတိယ(၅)နှစ်စီမံကိန်းကို ပြည်တွင်းနဲ့နိုင်ငံဖြတ်ကျော်ဖြစ်ပွားတဲ့ လူကုန်ကူးမှုပြဿနာ လျော့နည်းပယျောက်ရေးအတွက် ထိရောက်စွာတားဆီးကာကွယ်ရမည်ဟု ရည်မှန်းချက်ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ မဟာဗျူဟာ(၂)ရပ်၊ နည်းဗျူဟာ(၃)ရပ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသလို စီမံကိန်းများ ဆောင်ရွက်ရာမှာလည်း လုပ်ငန်းကဏ္ဍ(၅)ရပ်ဖြစ်တဲ့မူဝါဒနဲ့ ပူးပေါင်းဆောင်ရွက်ရေး၊ ကြိုတင်တားဆီးကာကွယ်ရေး၊ တရားစွဲဆိုရေး၊ လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်ရေး၊ စွမ်းရည်မြှင့်တင်ရေးတို့ကိုလည်း သတ်မှတ်ခဲ့ပြီး ကဏ္ဍအလိုက် ဖော်ဆောင်လျက်ရှိပါတယ်။

လူကုန်ကူးမှုတိုက်ဖျက်ရေးနဲ့ နိုင်ငံတကာပူးပေါင်းဆောင်ရွက်နိုင်ရန် နှစ်နိုင်ငံ နားလည်မှုစာချွန်လွှာများကို ထိုင်းနိုင်ငံနဲ့ ၂၀၀၉ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့မှာလည်းကောင်း၊ တရုတ်နိုင်ငံနဲ့ ၂၀၀၉ ခုနှစ်၊နိုဝင်ဘာလ ၁၁ ရက်နေ့မှာလည်းကောင်း လက်မှတ်ရေးထိုးထားရှိပါတယ်။ အိမ်နီးချင်းနိုင်ငံများနဲ့ နယ်စပ်ဖြတ်ကျော် လူကုန်ကူးမှု ပူးပေါင်းတားဆီးနိုင်ရေးအတွက် မြန်မာ-ထိုင်းလူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ ဆက်ဆံရေးရုံး (BLO)များ ဖွင့်လှစ်ရာမှာ တာချီလိတ်-မယ်ဆိုင်ရုံး၊ ကော့သောင်း-ရနောင်းရုံး၊ မြဝတီ-မဲဆောက်ရုံး ဖွင့်လှစ်ထားရှိပါတယ်။ မြန်မာ-တရုတ် လူကုန်ကူးမှုပူးပေါင်း တိုက်ဖျက်ရေးအတွက် နယ်စပ်ရုံးများအဖြစ် မူဆယ်-ရွှေလီရုံး၊ လွယ်ဂျယ်-ကျန်းဖုန်းရုံး၊ လောက်ကိုင်-နန်ဆန်ရုံးတို့ကိုလည်း ဖွင့်လှစ်ထားရှိပြီး ဖြစ်ပါတယ်။ ဒါ့အပြင် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်း နိုင်ငံများနဲ့ပူးပေါင်း ဆောင်ရွက်လျက်ရှိရာမှာ အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ တို့နဲ့လည်း(၄)နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေနဲ့လည်း လူကုန်ကူးမှု တားဆီးရေးလုပ်ငန်းတွေကို ထိရောက်စွာ ဆောင်ရွက်နိုင်ဖို့အတွက် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ကို ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့မှာ စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ခဲ့တဲ့အတွက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဟာ လူကုန်ကူးမှုတားဆီးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှုကြောင့်

၂၀၁၃ ခုနှစ်ကနေပြီး ၂၀၁၆ ခုနှစ် ကာလအတွင်းမှာ စုစုပေါင်း ကျား(၅၄၈)ဦး၊ မ(၄၅၁)ဦး၊ စုစုပေါင်း (၁၁၀၂)ဦးတို့ကို ကယ်တင်နိုင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။ လူကုန်ကူးမှုများဟာ ပြည်တွင်းပြည်ပမှာ နှစ်နေရာစလုံးမှာ ဖြစ်ပွားလျက်ရှိပါတယ်။ လူကုန်ကူးခံရမှုများ သတင်းများရရှိလျှင်သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားချက်များ ရရှိလျှင်သော်လည်းကောင်း သက်ဆိုင်ရာနယ်မြေရဲစခန်းများ၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့များဟာ လူကုန်ကူးခံရသူများကို ကယ်တင်ခြင်း၊ လူကုန်ကူးမှု ကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီး အရေးယူခြင်းတို့ကို အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ နယ်စပ်ဖြတ်ကျော်သွားမယ့် လူကုန်ကူးမှုများနဲ့ ပတ်သက်၍ သတင်းရရှိပါက တပ်ဖွဲ့အချင်းချင်း ချိတ်ဆက်ပြီး အချိန်မီ တားဆီးနိုင်ရေးကိုလည်း အလေးအနက်ထား ဆောင်ရွက်ပေးလျက်ရှိပါတယ်။

အချို့ဖြစ်စဉ်များမှာ အကြောင်းအမျိုးမျိုးကြောင့် ပြည်ပရောက်ရှိသွားပြီး နောက်မှသာ လူကုန်ကူးခံရကြောင်း သက်ဆိုင်ရာကာယကံရှင်များမှလည်းကောင်း၊ မိဘဆွေမျိုးများမှလည်းကောင်း သိရှိရပြီး၊ ၎င်းတို့ရဲ့ သတင်းပေးတိုင်တန်းချက်များအရ သိရှိရပါကလည်း ၎င်းတို့ရောက်ရှိနေသည့်နေရာ၊ လုပ်ငန်းခွင်များကိုစုံစမ်းပြီး သက်ဆိုင်ရာ (BLO) (Border liaison Office)ရုံးများမှ တစ်ဆင့်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ရဲတပ်ဖွဲ့ အင်တာပို မှလည်းကောင်း၊ မြန်မာနိုင်ငံ ဆက်ဆံရေးအရာရှိ များထားရှိတဲ့ သံရုံးများမှတစ်ဆင့် နှစ်နိုင်ငံရဲတပ်ဖွဲ့အချင်းချင်း ဆက်သွယ်၍ လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီးသက်ဆိုင်ရာ နိုင်ငံမှာရှိတဲ့ သံရုံးသို့ အကြောင်းကြားပြီး သံတမန်နည်းလမ်းများအရ လည်းကောင်း အရေးယူဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ဒါ့အပြင် လူကုန်ကူးမှုများနဲ့ပတ်သက်ပြီး အချိန်မီသတင်းရရှိရေးအတွက် အွန်လိုင်းဖုန်းနံပါတ်များကို အများပြည်သူသိရှိအောင်ကြော်ငြာပြီး သတင်းများလက်ခံဆောင်ရွက်ခြင်း၊ ရပ်ကွက်ကျေးရွာအတွင်း ဖွဲ့စည်းထားတဲ့ ရပ်ရွာအခြေပြု လူကုန်ကူးမှုဆိုင်ရာ စောင့်ကြည့်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများ၊ ခရီးသွားလာရေးလုပ်ငန်းများစတဲ့ သတင်းရရှိနိုင်တဲ့ ဌာနများနဲ့ ပူးပေါင်း၍ သတင်းရယူစုံစမ်းခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ နယ်စပ်မြို့များ၊ နယ်စပ်ဝင်/ထွက်ပေါက်များမှာ ပူးပေါင်းအဖွဲ့များနဲ့ပူးပေါင်း စစ်ဆေးသတင်းရယူခြင်းများကို လည်း အလေးထား ဆောင်ရွက်လျက် ရှိပါတယ်။

သို့ပါ၍ လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် သက်ဆိုင်သော နိုင်ငံဖြတ်ကျော်မှုခင်းများမှာ ပိုမိုလျင်မြန်သွက်လက်စေရန်အတွက် လူကုန်ကူးမှုသတင်းများကို အချိန်နဲ့ တစ်ပြေးညီ ရရှိအောင်ဆောင်ရွက်ပြီး လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ နယ်မြေခံ ရဲတပ်ဖွဲ့များ ပူးပေါင်းဖော်ထုတ်တားဆီးခြင်း၊ လူကုန်ကူးခံရသူများကို ကယ်တင်နိုင်တဲ့ လုပ်ငန်းများကို အလေးအနက်ထားဆောင်ရွက်ခြင်း၊ နယ်စပ်ဖြတ်ကျော်လူကုန်ကူးမှုများကိုလည်း သက်ဆိုင်ရာ နယ်စပ်ဆက်ဆံရေးရုံးသာမက သက်ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ရဲတပ်ဖွဲ့ အင်တာပိုနှင့် လည်းကောင်း၊ မြန်မာနိုင်ငံမှာရှိတဲ့ ဆက်ဆံရေး ရဲအရာရှိများမှတစ်ဆင့် လည်းကောင်း၊ သက်ဆိုင်ရာ သံရုံးများမှ တစ်ဆင့်လည်းကောင်း၊ အလေးအနက်ထား ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ညြဘာသံများ)

အချိန်၊ ၁၀း၃၈။

ဒေါ်နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။ ။ ဆက်စပ်မေးခွန်းမေးခွင့်ပြုပါ။ အင်ဒိုနီးရှားမှာ လူကုန်ကူးခံရတဲ့ ရေလုပ်သား (၅၀၀)နဲ့နောက်ဆက်တွဲ အမှုခင်းနဲ့ အစည်းအဝေးတစ်ကြိမ်ပဲ လုပ်သေးတယ်လို့ ကျွန်မတို့သိရပါတယ်။ အင်ဒိုနီးရှား သံအမတ်ကြီး ကလည်း စာပို့ထားပါတယ်။ အဲဒီစာကိုလည်း ကျွန်မတို့အမျိုးသားလွှတ်တော်က အလုပ်သမားကော်မတီကို ကျွန်မ ဆက်လက်ပြီးတော့ ပို့ထားပါတယ်။ ကျွန်မတို့ ဒီ အမျိုးသားလွှတ်တော်ကော်မတီတွေက အနီးကပ် စောင့်ကြည့်နေတဲ့ အမှုဖြစ်ပါတယ်။ အဲဒီ အမှုအကြောင်းလေးကိုလည်း ကျွန်မ ဆက်စပ်မေးခွန်းအနေနဲ့ ကျွန်မသိလိုပါတယ်။ ခုနတုန်းကပြောတဲ့ ၂၀၀၅ ခုနှစ်တုန်းက ပြဋ္ဌာန်းခဲ့တဲ့ လူကုန်ကူးမှုတားဆီး ကာကွယ်ရေး ဥပဒေဟာ (၁၁)နှစ်ကြာခဲ့ပြီ ဖြစ်တဲ့အတွက်ကြောင့် ယနေ့ပြောင်းလဲခဲ့တဲ့ ခေတ်စနစ်နဲ့အညီ၊ နောက်နည်းပညာများနဲ့အညီ ပြန်လည်ရေးဆွဲရန် အစီအစဉ်ရှိ/မရှိ ပေါ့နော်၊ ပြီးတော့ များသော အားဖြင့်လည်း ဒီအထဲက ဥပဒေတွေက နည်းဥပဒေပြဋ္ဌာန်းထားခြင်း မရှိတဲ့အတွက်ကြောင့် ဌာန အချင်းချင်း ပူးပေါင်းဆောင်ရွက်ရာမှာလည်း အခက်အခဲများစွာရှိတယ်လို့ သိရပါတယ်။

ကျွန်မတို့ မြန်မာနိုင်ငံဟာ ဒီ TR. 3 ပေါ့နော်၊ TR. 3 ဒီ နိုင်ငံတကာ အနိမ့်ဆုံး စံချိန်စံညွှန်းကို အပြည့်အဝ လိုက်နာအကောင်အထည်ဖော်မှု မရှိတဲ့အဆင့်ကနေပြီးတော့ ၂၀၁၂ မှာမှ TR.2 ပေါ့နော်၊ အဲဒီအဆင့်ကို ရောက်ရှိခဲ့ခြင်း ဖြစ်ပါတယ်။ အဲဒါကတော့ နိုင်ငံတကာ အနိမ့်ဆုံးစံချိန်စံညွှန်းကို အပြည့်အဝလိုက်နာ အကောင်အထည်ဖော်မှု မရှိသော်လည်း အားထုတ်မှုပြုတဲ့ နိုင်ငံအဆင့်ပဲ ရှိပါသေးတယ်။ ကျွန်မတို့ အချိန်မရွေး TR. 3 ကို ပြန်လည်ကျရောက်နိုင်ပါတယ်။ အဲဒါကြောင့်မို့လို့ ဒီ ဥပဒေများနဲ့ ပတ်သက်ပြီးတော့ပေါ့နော်၊ ပြန်လည်သုံးသပ်ပြီးတော့ ပြန်လည်ရေးဆွဲရန် အစီအစဉ် ရှိ/မရှိ၊ နောက် အင်ဒိုနီးရှား ရေလုပ်သား(၅၀၀)ရဲ့ အမှုကိစ္စကိုလည်း ကျွန်မဆက်လက်ပြီးတော့ မေးခွန်းအနေနဲ့ တင်ပြပါတယ်။ ကျေးဇူးတင်ပါတယ်။

အချိန်၊ ၁၀း၄၀။

ဗိုလ်ချုပ်အောင်စိုး (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။ ။လွှတ်တော်ကိုယ်စားလှယ်ကြီး မေးတဲ့ထပ်ဆင့်မေးခွန်း နဲ့ပတ်သက်ပြီး ကျွန်တော်တို့ မူလမေးခွန်းကို ဖြေဆိုနိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနဲ့ ပေါင်းစပ်ညှိနှိုင်းစဉ် ရရှိထားတဲ့ အချက်အလက်အပေါ်အခြေခံပြီး ကျွန်တော်ဖြေကြားသွားပါမယ်။ အင်ဒိုနီးရှားနိုင်ငံ လူကုန်ကူးခံရတဲ့ မြန်မာရေလုပ်သားများနဲ့ပတ်သက်ပြီးတော့ ဒီနေ့အထိ ပြန်လည် ရောက်ရှိပြီးတဲ့ ကျွန်တော်တို့ ၂၀၁၆ ခုနှစ်၊ မေလ ၁၁ ရက်နေ့အထိ (၃၅)ကြိမ်မှာ (၁၁၅၃)ဦး ပြန်လည် ခေါ်ယူရရှိခဲ့ပြီး ဖြစ်ပါတယ်။ မြန်မာရေ လုပ်သားများနဲ့ ပတ်သက်ပြီးတော့ စုံစမ်းစစ်ဆေးမှုတွေကို ၂၀၁၅ ခုနှစ်၊ မေလကနေ စတင်ခေါ်ယူစစ်ဆေးပြီး စုံစမ်းဖော်ထုတ်ချက်အရ အင်ဒိုနီးရှားနိုင်ငံမှာ အမှု (၈)မှု ဖွင့်လှစ်ခဲ့ပြီး ဖြစ်ပါတယ်။ လူကုန်ကူးမှုကျူးလွန်သူထိုင်း နိုင်ငံသား(၅)ဦးနဲ့ အင်ဒိုနီးရှားနိုင်ငံသား (၃) ဦးတို့ကိုလည်း ဖမ်းဆီးရမိခဲ့ပြီး ဖြစ်ပါတယ်။

အဆိုပါအမှု(၈)မှုမှာ လူကုန်ကူးခံရသူ မြန်မာနိုင်ငံသား (၂၂)ဦးရဲ့ နစ်နာမှုလျော်ကြေး ရရှိရေးအတွက်ကိုလည်း အင်ဒိုနီးရှားနိုင်ငံမှာရှိတဲ့ သက်သေများနဲ့ လူကုန်ကူးခံရသူများ ကာကွယ်စောင့်ရှောက်ရေးအေဂျင်စီ (LPSK) ကျွန်တော်တို့ အင်ဒိုနီးရှားဘာသာစကားအရ ရေးထားတာဖြစ်ပါတယ်။ အင်္ဂလိပ်အတိုကောက် (LPSK) ရဲ့အကူအညီနဲ့ ယင်း(၂၂)ဦးအနက်ကနေ (၁၃)ဦးကို ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့မှ ၂၀၁၅ ခုနှစ်ဒီဇင်ဘာလ ၁၅ ရက်နေ့အထိ အင်ဒိုနီးရှား နိုင်ငံသို့ပို့ဆောင် ခဲ့ကြောင်းတွေ့ရှိရပါတယ်။ ၂၀၁၆ ခုနှစ် မေလ ၂၅ ရက်နေ့မှာတော့ အင်ဒိုနီးရှားနိုင်ငံ (LPSK) အဖွဲ့ရဲ့ အီးမေးလ်တစ်စောင် ပေးပို့ချက်အရ အင်ဒိုနီးရှား တရားရုံးရဲ့ ဆုံးဖြတ်ချက်များအရ လူကုန်ကူးခံရသူ (၁၃)ဦးနဲ့(၁၁)ဦးအတွက်သာ လျော်ကြေးငွေရရှိမည်ဖြစ်ကြောင်း၊ လျော်ကြေးငွေစုစုပေါင်း Rupee(ရူပီး) သိန်းပေါင်း(၇၇၃၃)သိန်း ရရှိမည်ဖြစ်ကြောင်း၊ နစ်နာကြေးပေးရန် ၎င်းအဖွဲ့မှ မြန်မာနိုင်ငံသို့ လာရောက် မည်ဖြစ်ကြောင်းကိုလည်း ဖော်ပြထားရှိပြီးဖြစ်ပါတယ်။

ဒီကိစ္စနဲ့ပတ်သက်လို့လည်း သက်ဆိုင်ရာဝန်ကြီးဌာနကနေ မျက်ခြည်မပြတ် ဆက်သွယ်ဆောင်ရွက်လျက်ရှိကြောင်း ဖြည့်စွက်တင်ပြလိုပါတယ်။ လျော်ကြေးရရှိပြီးတဲ့ ရေလုပ်သား(၇၅)ဦးရှိကြောင်း တင်ပြထားမှုနဲ့ ပတ်သက်ပြီးတော့လည်း၊ အဆိုပါ(၇၅)ဦးမှာ တစ်ဦးလျှင် လျော်ကြေးငွေ မည်မျှရရှိမည်ဖြစ်ကြောင်းနဲ့ စုစုပေါင်းမည်မျှရရှိမည်ကိုဖော်ပြရန်၊ ဖော်ပြပါရေလုပ်သား(၇၅)ဦးဟာ မြန်မာရေလုပ်သား (၅၀၀) ကျော်ပြန်လည်ခေါ်ယူပြီးနောက်ပိုင်းမှာ အသုတ်လိုက် ပြန်လည်ပို့ဆောင်ပေးတဲ့ (၁၀၅)ဦးအသုတ်ကနေ ဖြစ်တဲ့အတွက်၊ ၎င်းတို့ (၃၀)ဦး အင်ဒိုနီးရှားကနေ လစာထုတ်ယူရန် ကျန်ရှိခဲ့တဲ့အတွက် (၇၅)ဦး အတွက်ကို ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်နေ့ (၁၀)နာရီအချိန်မှာ ရန်ကုန်မြို့၊ နိုင်ငံခြားရေး ဝန်ကြီးရုံးဟောင်းမှာ အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးဦးစံမြင့်ဦး ခေါင်းဆောင်တဲ့ အဖွဲ့ကနေပြီးတော့ အမေရိကန်ဒေါ်လာ(၁၈၄၈၃၉)ဒေါ်လာ လာရောက်ထုတ်ပေးခဲ့ခြင်းဖြစ်ကြောင်းလည်း တွေ့ရှိရပါတယ်။ ၎င်းငွေမှာ လျော်ကြေးငွေမဟုတ်ဘဲနဲ့ ၎င်းတို့ရရှိရန် ကျန်ရှိနေတဲ့ လစာငွေများကို ပထမအဆင့် စိစစ်ချက်အရ ရသင့်တဲ့လစာငွေများကို လာရောက်ထုတ်ပေးခြင်းဖြစ်ကြောင်း ဖြည့်စွက်တင်ပြအပ်ပါတယ်။

ရေလုပ်သားအချို့ကတော့ ၎င်းတို့လုပ်ကိုင်ခဲ့တဲ့ လှေအမည်နဲ့ လှေပိုင်ရှင်များကိုတိကျစွာ ဖော်ပြနိုင်မှုအားနည်းခြင်း၊ ဝေးလံခေါင်ပါးတဲ့ ကျွန်းတွေမှာ လုပ်ကိုင်ခဲ့ရတဲ့ လစာမရရှိသေးကြောင်း ညှိနှိုင်းဆောင်ရွက်ချက်တွေအပေါ်မှာလည်း သက်ဆိုင်ရာနိုင်ငံသံရုံးနဲ့ သက်ဆိုင်ရာအလုပ်သမားရေးဝန်ကြီးဌာနအပါအဝင် အင်ဒိုနီးရှားနိုင်ငံတို့မှာရှိတဲ့ (LPSK) အဖွဲ့တို့လည်း ဆက်လက်ပူးပေါင်းဖြေရှင်းနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်။

ဒုတိယအချက်ဖြစ်တဲ့ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေကို ကျွန်တော်တို့ ၂၀၀၅ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့မှာ ကျွန်တော်တို့ ပြဋ္ဌာန်းထားရှိခဲ့ပါတယ်။ ၎င်းပြဋ္ဌာန်းချက်နဲ့အတူ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဖွဲ့စည်းမှု၊ လက်ရှိအစိုးရကာလခေတ်မှာလည်း ကျွန်တော်တို့ ပြင်ဆင်ဖွဲ့စည်းမှုတွေကိုလည်း လုပ်ဆောင်ထားရှိပြီး ဖြစ်ပါတယ်။ ဒီတင်ပြပါ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေကို ၂၀၀၅ ခုနှစ်က ပြဋ္ဌာန်းခဲ့တဲ့အတွက် လက်ရှိအခြေအနေနဲ့ ကိုက်ညီ မှု ရှိ/မရှိ ပြန်လည်စိစစ်ခြင်းများ၊ ပြန်လည်သုံးသပ်ခြင်းနဲ့ ပြင်ဆင်ရန် ရှိ/မရှိ အခြေအနေကိုတော့ ကျွန်တော်တို့

သုံးသပ်ချက်ပြီးတဲ့အခါမှာ ဆက်လက်ပြန်လည်တင်ပြသွားမှာဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

အချိန်၊ ၁၀းဂ၄။

ဦးလှမြင့်(ခ) ဦးလှမြင့်သန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ထပ်ဆင့်မေးခွန်း မေးလိုပါတယ်။ ကျွန်တော်တို့ ဖွဲ့စည်းပုံ အခြေခံဥပဒေအခန်း(၈)၊ ပုဒ်မ ၃၅၅ မှာ နိုင်ငံသားတိုင်းသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မည်သည့်အရပ်ဒေသ၌မဆို ဥပဒေနှင့်အညီ အခြေစိုက်နေထိုင်ခွင့်ရှိသည်လို့ ပြဋ္ဌာန်းထားပါတယ်။ ကျွန်တော်တို့ ခုနတင်ပြခဲ့တဲ့ ရွာ(၂)ရွာဟာ စစ်တောင်းမြစ်ရဲ့ တစ်ဖက်ကမ်းမှာ ရှိပါတယ်။ မြေပြိုသွားလို့ နေစရာမရှိတဲ့ လူတွေဟာ တခြားဘက်မှာသွားပြီးတော့ အခြေချနေထိုင်ဖို့လို့၊ လုပ်ကိုင်ဖို့လို့ ကြိုးစားခဲ့တာဖြစ်ပါတယ်။ ဒီလိုကြိုးစားခဲ့ရာမှာလည်းပဲ ပရမ်းပတာလုပ်ခဲ့တာ မဟုတ်ဘဲနဲ့ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့မှာ အခြေချကျေးရွာအဖြစ် တရားဝင်ရရှိရေး မွန်ပြည်နယ်ဝန်ကြီးချုပ်ထံကို ပထမအသုတ် လျှောက်လွှာ (၃၀၀)၊ ဒုတိယအသုတ် လျှောက်လွှာ(၃၀၀)များကို တင်ပြခဲ့တဲ့ အထောက်အထား ကျွန်တော်တို့မှာ အခိုင်အမာရှိပါတယ်ခင်ဗျား။ အဲဒီတော့ ဒီလိုလျှောက်ထားလျက်ခဲ့ပါသားနဲ့ သဘာဝဘေးအန္တရာယ်ကြောင့် ဒုက္ခရောက်သူများ အပါအဝင် မြေမဲ့ယာမဲ့သူများကို ဒီလိုမျိုး အစအဆုံးကုန်းကောက်စရာမရှိအောင် မီးရှို့ဖျက်ဆီးခဲ့တဲ့ စီစဉ်သူများနဲ့ ပတ်သက်တဲ့သူများဟာလည်းပဲ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်ပါတယ်။ ပြည်သူ့ဝန်ထမ်းကိုယ်တိုင်က ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တွေကို ဖောက်ဖျက်တာကြောင့် ဒီ နိုင်ငံတော်ရဲ့ တခြားနေရာမှာ ဒီလိုမျိုးမဖြစ်ပေါ်ဖို့အတွက်လည်း ဆက်လက်ပြီးတော့ အစီအစဉ် ရှိ/မရှိ ကျွန်တော်တို့ ထပ်မံမေးမြန်းလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

အချိန်၊ ၁၀းဂ၅။

ဗိုလ်ချုပ်အောင်စိုး (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးလှမြင့်(ခ) ဦးလှမြင့်သန်း ရဲ့ ထပ်ဆင့်မေးခွန်းနဲ့ ပတ်သက်ပြီး ကျွန်တော်ရှင်းလင်း တင်ပြပါမယ်။ ပထမဦးဆုံးဖော်ပြခဲ့တဲ့တင်ပြပါ နေရာတွေမှာ ဝင်ရောက်ကျူးကျော် နေထိုင်သူများက ၎င်းတို့အတွက် မြေနေရာရရှိရေး သက်ဆိုင်ရာပြည်နယ် အစိုးရအဖွဲ့ကို တင်ပြခဲ့တဲ့ တင်ပြချက်တွေရှိကြောင်းလည်း မေးခွန်းအရကျွန်တော်သိရှိရပါတယ်။ ကျွန်တော့်အနေနဲ့ သက်ဆိုင်ရာပြည်နယ်အစိုးရရဲ့ ညှိနှိုင်းဖြေကြားခဲ့တဲ့ ဖြေကြားချက်တွေအရ မူလဖြေကြားချက်မှာလည်း ပါရှိခဲ့ပြီးဖြစ်ပါတယ်။ ၎င်းမြေနေရာကို ကျွန်တော်တို့ တိုးချဲ့ကျေးရွာအုပ်စုအဖြစ် သတ်မှတ်နိုင်ရေးအတွက် နိုင်ငံတော်မှာမူလပြဋ္ဌာန်းပြီးဖြစ်တဲ့ ဥပဒေလုပ်ထုံးလုပ်နည်းများနဲ့အညီ နိုင်ငံတော်သမ္မတရုံးကို လက်ရှိ မွန်ပြည်နယ်အစိုးရက တင်ပြဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။

၎င်းတင်ပြချက်အပေါ်မှာလည်း နိုင်ငံတော်အစိုးရရဲ့ လမ်းညွှန်ချက်အရ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ ထိုမြေဧက (၉၂.၃၇)ဧကကို ကျေးရွာတိုးချဲ့မြေအဖြစ် အသုံးပြုခွင့် ရရှိရေးကိုလည်း လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးကော်မတီသို့ ပြန်လည်တင်ပြနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း တင်ပြထားရှိပြီး ဖြစ်ပါတယ်။

သို့ပါ၍ ဖော်ပြပါမြေမှာ တိုးချဲ့ကျေးရွာအဖြစ် ဆောင်ရွက်နိုင်ရေး ပြင်ဆင်ဆောင်ရွက်ဆဲ ကာလမှာ ကျူးကျော်ဝင်ရောက် နေထိုင်ခြင်း မပြုစေရေးကို သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများဟာ တည်ဆဲဥပဒေများနှင့်အညီ ကြိုတင်အသိပေးခြင်း၊ အကြောင်းကြားခြင်း၊ ဖယ်ရှားရှင်းလင်းစေခြင်းများ ပြုလုပ်ခဲ့ခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ၎င်းမြေနေရာမှာရှိတဲ့ ကျူးကျော်ဝင်ရောက်သူများ ဖယ်ရှားရေးကိုသက်ဆိုင်ရာ မွန်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ကြီးကြပ်မှုနဲ့ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်း အဆင့်ဆင့်က တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ဦးစွာဖြေကြားလိုပါတယ်။

ဒုတိယအချက်ကတော့ ကျွန်တော်တို့ ကျူးကျော်သူတွေထဲမှာ အစိုးရအဖွဲ့ဝန်ထမ်းတွေလည်း ပါရှိကြောင်း ထည့်သွင်းပြောကြားခဲ့တာ ရှိပါတယ်။ ကျွန်တော့်ရဲ့ မူလဖြေကြားချက်ထဲမှာ ဖြစ်စဉ်နဲ့ ပတ်သက်ပြီး အလေးအနက်ထား ဆောင်ရွက်နိုင်ဖို့အတွက် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ကလည်း ၂၀၁၆ ခုနှစ်၊ မေလ ၉ ရက်နေ့မှာ သွားရောက်စစ်ဆေးခဲ့ပြီး သတင်းထုတ်ပြန်ခဲ့ကြောင်းလည်း ကျွန်တော်ဖော်ပြခဲ့ပြီးဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ စစ်ဆေးတွေ့ရှိချက်အပေါ်မှာ ကျူးကျော်သူများဟာ မည်သူတွေဖြစ်တယ်။ မူလစစ်ဆေးချက်မှာတော့ ရာအိမ်မှူး ဦးခင်အေး(ခ) ဦးပဲသီးတစ်ဦးသာ ပါရှိခဲ့သော်လည်း မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ရဲ့ စိစစ်ဖော်ထုတ်ချက်တွေအရ ဥပဒေအရအရေးယူသင့်သူ အားလုံးကို တရားစွဲဆို တင်ပို့နိုင်ရေးအတွက် အမှုစစ်ဆေးတည်ဆောက်မှုများ ဆောင်ရွက်လျက်ရှိကြောင်းလည်း ဖြေကြားအပ်ပါတယ်။

အလားတူ ကျွန်တော်တို့ နိုင်ငံ့ဝန်ထမ်းများ အနေနဲ့ တခြားနေရာတွေမှာလည်း ထိန်းသိမ်းဖို့ ရှိ/မရှိနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ကိုယ်ခ္ဍပင်လျှင် နိုင်ငံ့ဝန်ထမ်းများ ဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းများဟာ နိုင်ငံတော်ရဲ့ တည်ဆဲဥပဒေများနဲ့ ပြဋ္ဌာန်းချက်များ၊ ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများကို အလေးအနက်ထား လိုက်နာရပါတယ်။ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ ဖောက်ဖျက်ကျူးလွန်ပါက မည်သည့် အဆင့်မဆို နိုင်ငံ့ဝန်ထမ်းဥပဒေအရသော်လည်းကောင်း၊ နိုင်ငံတော်ရဲ့ တည်ဆဲဥပဒေအရသော်လည်းကောင်း အရေးယူခြင်းခံရမည်ဖြစ်ကြောင်းကိုလည်း ဝန်ထမ်းအားလုံး သိရှိစေရေး အလေးအနက်ထား ချပြရှင်းလင်းထားပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ ကိုယ်တိုင်ပင်လျှင် ဥပဒေကို ဖောက်ဖျက်လို့မရတဲ့အတွက် လက်အောက်မှာရှိတဲ့ ဝန်ထမ်းများလည်း နိုင်ငံရဲ့ တည်ဆဲဥပဒေ ပြဋ္ဌာန်းချက်များနဲ့ အညီ ဆောင်ရွက်ရန်နှင့် ဆောင်ရွက်ခြင်းမရှိပါက ဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော လျှပ်စစ်နည်းဥပဒေများနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြခြင်းနှင့် အတည်ပြုချက် ရယူခြင်း

အချိန်၊ ၁၀း၄၈။

ဥက္ကဋ္ဌ။ ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ၂၇-၁၀-၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁၉၈/၂၀၁၅ ဖြင့် ထုတ်ပြန်ခဲ့သော လျှပ်စစ်နည်းဥပဒေများကို ပြည်သူ့လွှတ်တော်က ၃၀-၁၂-၂၀၁၅ ရက်နေ့တွင်

ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့သည့် ပြင်ဆင်ချက် ဇယားကို ၁၉-၅-၂၀၁၆ ရက်နေ့တွင် လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော လျှပ်စစ်နည်းဥပဒေများနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထား ရယူမှာ ဖြစ်ပါတယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် လျှပ်စစ်နည်းဥပဒေများကို ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေး နည်းဥပဒေများနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြခြင်းနှင့် အတည်ပြုချက် ရယူခြင်း

အချိန်၊ ၁၀း၄၉။

ဥက္ကဋ္ဌ။ ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ စက်မှုဝန်ကြီးဌာနက ၁၂-၁-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈၅/၂၀၁၅-၂၀၁၆ ဖြင့် ထုတ်ပြန်ခဲ့သော ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေး နည်းဥပဒေများကို ၁၆-၂-၂၀၁၆ ရက်နေ့တွင် လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး နည်းဥပဒေများကို ပြည်သူ့လွှတ်တော်က ၁၆-၅-၂၀၁၆ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့သည့် ပြင်ဆင်ချက်ဇယားကို ၁၉-၅-၂၀၁၆ ရက်နေ့တွင် လွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေး နည်းဥပဒေများနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကိုဆွေးနွေးရန် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထား ရယူမှာ ဖြစ်ပါတယ်။

လွတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး နည်းဥပဒေများကို ပြည်သူ့လွတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

အမျိုးသားလွတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွတ်တော် ပထမပုံမှန်အစည်းအဝေး (၃၇) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၃၈) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

အချိန်၊ ၁၀း၅၁။

ဥက္ကဋ္ဌ။ ။ အစီအစဉ်(၈ ဖြစ်ပါတယ်။ အမျိုးသားလွတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွတ်တော် ပထမပုံမှန် အစည်းအဝေး (၃၇)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွတ်တော် ပထမပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ ဇွန်လ ၈ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

အခမ်းအနားမှူး။ ။ အမျိုးသားလွတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

အခမ်းအနားမှူး။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွတ်တော် ပထမပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့ကို ၁၀း၅၁ နာရီအချိန်တွင် ရပ်နားပါသည်။]